# Shan Women’s Action Network

သတင်းထုတ်ပြန်ကြေငြာချက်

၂၀၁၀ နိုဝင်ဘာလ ၁၀ ရက်

**ရှမ်းအမျိုးသမီးရေးရာဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း SWAN မှ ရှမ်းပြည်အလယ်ပိုင်း ဒေသတွင်း စစ်အစိုးရ၏ စစ်ဆင်မှုနှင့် မုဒိမ်းကျင့်မှုအား ရှုတ်ချခြင်း။**

နိုဝင်ဘာလ ၇ ရက်ရွေးကောက်ပွဲအကြိုနေ့တွင် ရှမ်းပြည်အလယ်ပိုင်း ကျေးသီးမြို့နယ်ရှိ အပြစ်အခတ်ရပ် နယ်မြေအတွင်း စစ်အစိုးရ၏ အင်အားတိုးချဲ့မှုများက မသန်စွမ်းသူအမျိုးသမီးငယ်တစ်ဦး မုဒိမ်းကျင့်ခံမှု ဖြစ်စေခဲ့ခြင်းကို SWAN မှ ပြင်းထန်စွာရှုတ်ချလိုက်သည်။

နိုဝင်ဘာလ ၃ ရက်နေ့မှစ၍ ရှမ်းပြည်နယ်အခြားဒေသများမှ စစ်အစိုးရ၏ စစ်တပ်အင်အား ၁၀၀၀ ကျော် ဖြင့် ရှမ်းပြည်တပ်မတော် မြောက်ပိုင်း တပ်မဟာ(၁) ထိန်းချုပ်နယ်မြေအနီးဒေသများသို့ တပ်ဖြန့်လိုက်သည်။ ဤစစ်အစိုးရတပ်များက နယ်ခြားစောင့်တပ်လုပ်ရန် ငြင်းဆိုလိုက်သော ရှမ်းပြည်တပ်မတော်မြောက်ပိုင်း တပ်မဟာ(၁) အားထောက်ပံ့ပေးနေသည်ဟု မသင်္ကာသည့် ရွာသူရွာသားများကိုလှည့်လည်ရှာဖွေလျှက်ရှိသည်။

နိုဝင်ဘာ ၆ ရက်နေ့တွင် ဗိုလ်မှူးဝင်းဇော်လတ်ဦးဆောင်သည့် မိုင်းနောင်အခြေစိုက် ခြေလျင်တပ်ရင်း ၂၈၆ မှ လက်နက်အပြည့်အစုံပါသည့် စစ်အင်အား ၁၀ ယောက်ဖြင့် မိုင်းနောင်၏မြောက်ဖက် ၅ မိုင်အကွာတွင်ရှိသော ဝမ်နောင်နယုရွာအတွင်း ဝင်ရောက်ရှာဖွေစစ်ဆေးခြင်းများပြုလုပ်ခဲ့သည်။ ထိုတပ်ဖွဲ့မှ စစ်သား ၁ ယောက်က ၂ နှစ်အရွယ်ရှိ တူမလေးနှင့်အတူ မိမိနေအိမ်တွင်ရှိနေသော အသက် ၂၅ နှစ်အရွယ်မသန်စွမ်းသူ အမျိုးသမီးတဦးအား မုဒိမ်းကျင့်ခဲ့သည်။

ထိုအမျိုးသမီးအားမုဒိမ်းမကျင့်မီ သူမ၏ခြေလက်များကိုကြိုးနှင့်တုပ်ထားပြီး သူမ၏ဆံပင်နှင့် အိမ်တိုင်ကိုချည်ထားသည်၊ အိမ်နီးချင်းများက သူမ၏အော်ဟစ်အကူအညီတောင်းသံကို ကြားရသော်လည်း စစ်တပ်ဖွဲ့ရွာပြင်သို့ ထွက်မသွားခင် လာရောက်ကူညီရန်မဝံ့ရဲကြပေ။ ဤအမှုကိုမည်သူမျှတိုင်ကြားခြင်း မပြုလုပ်ရဲကြသောကြောင့် ထိုအမျိုးသမီးငယ်သည်လည်း စိုးရွံ့ကြောက်လန့်ခြင်းနှင့်အတူ ရွာမှထွက်ပြေးတိမ်းရှောင် သွားခဲ့သည်။

SWAN အနေဖြင့် စစ်အစိုးရမှ ရှမ်းပြည်တပ်မတော်မြောက်ပိုင်းကို ဆန့်ကျင်ခြေမှုန်းသည့် စစ်ဆင်မှုအောက်တွင်းမှ ဤအမျိုးသမီးငယ်၏ ကံကြမ္မာနှင့် အတူ စစ်အစိုးရက ပစ်မှတ်ထားခံရပြီးသော အခြားရွာသူရွာသားများအားလုံးအတွက်ပါ အထူးစိုးရိမ်ပူပန်မိပါသည်။

စစ်အစိုးရမှ အစီအစဉ်ချကျူးလွန်နေသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု သတင်းအချက်အလက်များကို SWAN မှ အစဉ်မပြတ်ကောက်ယူစုဆောင်းနေပြီး ကမ္ဘာတဝှမ်းလုံးမှရွေးကောက်ပွဲမတိုင်မီ မြန်မာနိုင်ငံအား စောင့်ကြည့်နေကျစဉ်အချိန်ဖြစ်သော်လည်း စစ်တပ်မှ မျက်နှာပြောင်တိုက်ကာ မုဒိမ်းကျင့်မှုကို ကျူးလွန်ရဲသည်မှာ စက်ဆုတ်ဖွယ်ရာ အတိဖြစ်သည်။ ဤကဲ့သို့သောလုပ်ရပ်သည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို စစ်တပ်အားကျူးလွန်ခွင့်ဆက်လက်ပြုထားမည့် ထင်ရှားသော လက္ခဏာကိုဖော်ပြနေသည်။

“စစ်ဗိုလ်ချုပ်တွေရဲ့ အရပ်သားအရေခြုံအစိုးရသစ်ကို အသိအမှတ်မပြုဖို့ ကျွန်မတို့က နိုင်ငံတကာအသိုင်းအဝိုင်းကို အလေးအနက်တိုက်တွန်းနှိုးဆော်ချင်ပါတယ်၊ ထိုနည်းတူပဲ စစ်အစိုးရရဲ့ ကျူးလွန်ထားတဲ့ ရာဇဝတ်မှုတွေကို တရားဝင်လက်ခံထားတာဖြစ်ပြီးတော့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အမျိုးသမီးတွေအပေါ် အစီစဉ်ချလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေကို ဆက်လက်ကျူးလွန်နေစေတာပဲဖြစ်တယ်” ဟု နန်းမွန်းကိန်မှ ပြောပါသည်။

ဆက်သွယ်ရန် နန်းမွမ်းကိန် (+၆၆) ၈၁ ၉၈၂ ၁၁၂၁
ယိင်းစံဟွမ် (+၆၆) ၈၅ ၁၀၇ ၁၄၅၂